Message Three

# သခင်ဘုရားကို ရှေးဦးမေတ္တာဖြင့် ချစ်ခြင်း၊ သခင်ဘုရားကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ယေရှု၏သက်သေခံချက်အဖြစ် ရွှေမီးခုံတိုင်ဖြစ်ခြင်းမှာ ဘုရားသခင့်ထာဝရစီမံကိန်းပန်းတိုင်အဖြစ် ယေရုရှလင်မြို့သစ် တည်ဆောက်ခြင်းအတွက်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၂း၁-၇။ ဧ၊၆း၂၄။ ၂တိ၊၁း၁၅။ ၂ကော၊၁၁း၂-၃။ ယော၊၁၄း၂၁၊ ၂၃။ ၂၁း၁၅-၁၇

**I. ဗျာဒိတ် ၂း၇ ရှိ အသက်ပင်သည် ကားတိုင်ပေါ်အသေခံသော (သစ်တိုင်အဖြစ် အပင်ကို ရည်ညွှန်းခြင်း -၁ပေ၊၂း၂၄)၊ ရှင်ပြန်ထမြောက်သော (ဘုရားသခင်၏အသက်ကို ရည်ညွှန်းခြင်း - ယော၊၁၁း၂၅) ခရစ်တော်ကို ပုံဆောင်၍၊ ယနေ့တွင် ခရစ်တော်သည် အသင်းတော်၌ ရှိနေ၍၊ အသင်းတော်၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းမှာ ယေရုရှလင်မြို့သစ် ဖြစ်ပြီး၊ ယင်း၌ အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်သည် ဘုရား၏ ရွေးနုတ်ခံများအားလုံးကို ထာဝရ ကျွေးမွေးမည့် အသက်ပင် ဖြစ်လိမ့်မည် (ယ္ခ၊၂၊ ၁၄။ ညွှန်း၊ ထွ၊၁၅း၂၅-၂၆)။**

**II. ဧဖက်မြို့၌ရှိသောအသင်းတော် အပါအဝင် အာရှိပြည်မှ အသင်းတော်များသည် တမန်တော်ပေါလု၏ စေ့စပ်ပေးသော အမှုတော်မှ လှည့်ထွက်သွားခဲ့ကြလေသည် (၂တိ၊၁း၁၅။ ၂ကော၊၁၁း၂-၃)။ ထို့ကြောင့် ခန့်မှန်းချေ နှစ်ဆယ့်ခြောက်နှစ် ကြာပြီးနောက် တမန်တော်ယောဟန်သည် ဧဖက်မြို့၌ရှိသော အသင်းတော်သို့ ပေးစာရေးသားခဲ့ပြီး၊ သူတို့သည် ရှေးဦးမေတ္တာကို စွန့်ခဲ့ကြကာ၊ ခရစ်တော်ကို အသက်ပင်အဖြစ် စစ်မှန်သော မွေ့လျော်ဝမ်းမြောက်မှု ဆုံးရှုံးခဲ့ကြပြီဖြစ်ကြောင်း ရေးသားခဲ့သည် (ဗျာ၊ ၂း၄-၅၊ ၇)။**

A. ဓမ္မသစ်၏ စစ်မှန်သောအမှုတော်က သခင်ယေရှုကို ရှေးဦးမေတ္တာဖြင့် ချစ်ရန် အမြဲပင် နှိုးဆော်ပေးပြီး၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်မစရာအတွက် အသက်ပင်အဖြစ် စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း၏ ရိုးရှင်းမှု၌ ကျွန်ုပ်တို့ကို ခွန်အားပေးနေသည် - ၂ကော၊၁၁း၂-၃။ ၃း၃-၆။

B. သခင်ဘုရားကို ရှေးဦးမေတ္တာဖြင့် ချစ်ခြင်းမှာ ကိုယ်တော်ကို အရာခပ်သိမ်း၌ အထွတ်အထိပ်ဖြစ်စေခြင်း၊ ပထမနေရာပေးခြင်း ဖြစ်ကာ၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏အသက်တာ၌ အရာခပ်သိမ်းအဖြစ် မှတ်ယူရန်နှင့် ယူဆောင်ရန် ကိုယ်တော်၏ မေတ္တာတော်အားဖြင့် အနိုင်အထက် သွေးဆောင်ခံရခြင်း ဖြစ်သည် - ဗျာ၊၂း၄-၅။ ကော၊၁း၁၈ခ။ ၂ကော၊၅း၁၄-၁၅။ မာ၊ ၁၂း၃၀။ ဆာ၊၇၃း၂၅-၂၆။

C. ဧဖက်စာစောင်၌ ပေါလု၏ နိဂုံးချုပ်စကားမှာ "ဖောက်ပြန်ခြင်းကင်းလျက် ငါတို့သခင် ယေရှုခရစ်ကို ချစ်သောသူ အပေါင်းတို့"ထံ ကျေးဇူးတော်ကောင်းချီးမင်္ဂလာ ဖြစ်သည် (၆း၂၄)။ ဧဖက်စာစောင်၌ ခံစားမှု၌ ကြွယ်ဝခြင်းရှိသည့် *မေတ္တာ၌* ဟူသောစကားစုကို ထပ်ခါထပ်ခါ အသုံးပြုထားသည် (၁း၄။ ၃း၁၇။ ၄း၂၊ ၁၅-၁၆။ ၅း၂)။

D. ဧဖက်စာစောင်၏ ပန်းတိုင်မှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏အတွင်းပိုင်း ဒြပ်ကိုယ်ထည်ဖြစ်သည့် ချစ်ခြင်းမေတ္တာအထဲသို့ ခေါ်ဆောင်ရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်ခြင်းမေတ္တာအဖြစ် မွေ့လျော်ကာ၊ ဘုရားဆိုင်ရာချစ်ခြင်းမေတ္တာ၏ချိုမြိန်ခြင်း၌ ကိုယ်တော်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်လျက်၊ ခရစ်တော်ပြသည့်နည်းတူ အခြားသူများကို ချစ်နိုင်ကြရန် ဖြစ်သည် - ၁း၁၅။ ၂း၄။ ၃း၁၉။ ၅း၂၊ ၂၅။ ၆း၂၃။ ညွှန်း၊ ၁ယော၊၄း၁၆-၁၉။

E. ဧဖက်မြို့၌ရှိသောအသင်းတော်သည် သခင်ဘုရားကို ချစ်ခြင်းအကြောင်းအရာ၌ ရှုံးနိမ့်ခဲ့သည်။ ထိုသို့သော ရှုံးနိမ့်မှုသည် ခေတ်ကာလများတစ်လျှောက် အသင်းတော်၏ ကျရှုံးမှုအတွက် အဓိကအကြောင်းရင်း ဖြစ်လာခဲ့သည် - မ၊၂၄း၁၂။ မာ၊ ၁၂း၃၀-၃၁။ ညွှန်း၊ ဒံ၊၇း၂၅။

F. ဗျာဒိတ် ၂း၁-၇ ရှိ ဧဖက်မြို့ရှိအသင်းတော်သို့ သခင်ဘုရား၏ ပေးစာ၌ အဓိကအချက်လေးချက် ရှိသည်၊ ဤအဓိကအချက်လေးချက်သည် အင်္ဂလိပ်စာလုံး *l အယ်လ်* ဖြင့် အစပြုသည့် စကားလုံးလေးလုံး - *ချစ်ခြင်း (love)*၊ *အသက်(life)*၊ *အလင်း (light)* နှင့် *မီးခုံတိုင် (lampstand)* တို့ဖြစ်သည်။

1. ကျွန်ုပ်တို့သည် ရှေးဦးမေတ္တာကို ပြန်လည်ရယူရန် သခင်ယေရှုကို နည်းလမ်းတိုင်း၌၊ အရာခပ်သိမ်း၌ အထွတ်အထိပ်နေရာ ပေးရမည်ဖြစ်သည်။ ထိုအခါ ကိုယ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်နိုင်ကြမည်ဖြစ်ပြီး၊ ဤအသက်သည် အသက်၏အလင်း ဖြစ်လာလိမ့်မည်ဖြစ်သည် - ယော၈း၁၂။ ဧ၅း၈-၉၊ ၁၃။
2. ထိုအခါ ကျွန်ုပ်တို့သည် ရွှေမီးခုံတိုင်အဖြစ်၊ ယေရှု၏သက်သေခံချက်အဖြစ် ထွန်းလင်းကြလိမ့်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ မီးခုံတိုင်သည် ကျွန်ုပ်တို့ထံမှ ဖယ်ရှားခံရလိမ့်မည်ဖြစ်သည် - ဗျာ၁း၉-၁၀၊ ၂၀။
   a. ရွှေမီးခုံတိုင်သည် သုံးပါးတစ်ပါးဘုရား၏ ပုံဆောင်ဖော်ပြချက်ဖြစ်ပြီး၊ ဒြပ်ကိုယ်ထည်အဖြစ် ခမည်းတော်သည် သားတော်၌ ကိုယ်ထင်ရှားကာ၊ ကိုယ်ထင်ရှားခြင်းဖြစ်သည့် သားတော်သည် ဝိညာဉ်တော်မှတစ်ဆင့် ထင်ရှား၍၊ ဝိညာဉ်တော်ကို အသင်းတော်များအဖြစ် အပြည့်အဝ သိနားလည်ခြင်း၊ ထင်ရှားခြင်း ရှိပြီး၊ အသင်းတော်များသည် ယေရှု၏သက်သေခံချက်ဖြစ်သည် - ထွ၂၅း၃၁-၄၀။ ဇာ၄း၂-၁၀။ ဗျာ၁း၁၀-၁၂။
   b. ဘုရားဆိုင်ရာစဉ်းစားခြင်း၌ ရွှေမီးခုံတိုင်သည် အမှန်စင်စစ် ပွင့်ဖတ်များနှင့် ဗာဒံပွင့်များဖြင့် အသက်ရှင်နေသော၊ ကြီးထွားနေသော အပင်ဖြစ်သည်။ ထို့ကြောင့် မီးခုံတိုင်သည် ခရစ်တော်၌ကိုယ်ထင်ရှားသည့် သုံးပါးတစ်ပါးဘုရားကို ပုံဖော်ထားခြင်းဖြစ်ကာ ရှင်ပြန်ထမြောက်ခြင်း၌ ရှင်သန်သော၊ ရွှေရောင် အပင်အဖြစ် - ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့နှင့်အတူ၊ ကျွန်ုပ်တို့အားဖြင့်၊ ကျွန်ုပ်တို့ထဲမှ သဘောသဘာဝ၌ ကောင်းမွန်သော၊ ဖြစ်စဉ်အဆင့်ဆင့်၌ ဖြောင့်မတ်သော၊ ထင်ရှားခြင်း၌ စစ်မှန်သောအရာဖြစ်သည့် အလင်း၏အသီး (ဝိညာဉ်တော်၏အသီး) အဖြစ် ကြီးထွားခြင်း၊ အကိုင်းဖြာခြင်း၊ အဖူးထွက်ခြင်း၊ အပွင့်ပွင့်ခြင်း ရှိ၍၊ ထိုသို့ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏နေ့စဉ်လျှောက်လှမ်းခြင်း၌ စစ်မှန်ခြင်းအဖြစ် ထင်ရှားနိုင်မည်ဖြစ်သည် - ထွ၂၅း၃၁၊ ၃၅။ ဧ၅း၈-၉။ ဂလ၅း၂၂-၂၃။ ယော၁၂း၃၆။

G. အသက်ပင်ကို စားသုံးခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်မစရာအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းသည် အသင်းတော်အသက်တာ၌ ဦးစားပေးအရာ ဖြစ်သင့်သည်။ အသက်ပင်အဖြစ် ခရစ်တော်သည် "စားဖွယ်ကောင်းပြီး" (က၂း၉)၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် စားသုံးပြီး၊ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ကိုယ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းခံရကြနိုင်မည်ဖြစ်သည် (၁း၂၆။ ယော၆း၅၇၊ ၆၃)။

1. အသင်းတော်အသက်တာ၏ ပါဝင်သောအရာသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအပေါ် မူတည်နေသည် - ကျွန်ုပ်တို့သည် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်လေလေ၊ ပါဝင်သောအရာ ပို၍ကြွယ်ဝလေလေ ဖြစ်လိမ့်မည်။ သို့သော် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှေးဦးမေတ္တာဖြင့် ချစ်ဖို့ လိုအပ်နေသည်။
2. သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ ရှေးဦးမေတ္တာကို စွန့်လွှတ်လိုက်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် လွဲချော်သွားကာ၊ ယေရှု၏သက်သေခံဖြစ်ခြင်းကို ဆုံးရှုံးရလိမ့်မည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မီးခုံတိုင်သည် ကျွန်ုပ်တို့ထံမှ ဖယ်ရှားခံရလိမ့်မည်ဖြစ်သည် - ဗျာ၂း၁-၇။
3. ဤအရာသုံးခု - သခင်ဘုရားကို ချစ်ခြင်း၊ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် သခင်ဘုရား၏သက်သေခံဖြစ်ခြင်း - တို့သည် အတူတကွ သွားနေသည်။

## III. သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် သခင်ယေရှုကို ရှေးဦးမေတ္တာဖြင့်၊ အကောင်းဆုံးသောမေတ္တာဖြင့် ချစ်ခြင်းအား ပြန်လည်ရယူခြင်းနှင့် ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၊ ဘုရားသခင့်ထာဝရစီမံကိန်းပန်းတိုင်ဖြစ်သည့် ယေရှုရှလင်မြို့သစ်ကို တည်ဆောက်ခြင်းအတွက် သခင်ယေရှုကို အသက်ပင်အဖြစ် စားသုံးခြင်းအား ပြန်လည်ရယူခြင်း ဖြစ်သည် - ဧ၄း၁၅-၁၆။ ဗျာ၂၂း၁၄။

A. ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်အား "သခင်ယေရှု၊ ကိုယ်တော်ကို ချစ်ပါ၏"ဟု တစ်ချိန်လုံး ပြောပြရမည်ဖြစ်သည်။ သခင်ယေရှုထံသို့ တောက်လောင်လျက်ရှိသော ချစ်ခြင်းရှိမည်ဆိုလျှင်၊ အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာပေးမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်ခြင်း ရှိသမျှကို မွေ့လျော်ဝမ်းမြောက်ရကြလိမ့်မည်ဖြစ်သည် - ၂း၄-၅၊ ၇။ ၁ကော၂း၉။

B. သခင်ဘုရား၌ ယုံကြည်ရန်မှာ ကိုယ်တော်ကို အသက်အဖြစ် ရရှိရန် ဖြစ်ပြီး၊ သခင်ဘုရားကို ချစ်ခြင်းမှာ ကိုယ်တော်ကို အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့လက်ခံရရှိခဲ့သော ပုဂ္ဂိုလ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ယုံကြည်ခြင်းကို ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထားခဲ့ပြီဖြစ်သည်၊ သို့မှသာ ၎င်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် လက်ခံရရှိနိုင်မည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ထိုသို့ အံ့သြဖွယ်သော ယုံကြည်ခြင်းမှ ထွက်ပေါ်လာပြီး၊ ကျွန်ုပ်တို့၏အသက်အဖြစ် ခရစ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝခြင်းအားလုံးကို အသက်ရှင်ထွက်ခြင်းရှိရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေသည် - ၂ပေ၊၁း၁။ ဟေဗြဲ၊၁၂း၁-၂က။ ၂ကော၊၄း၁၃။ ဂလ၊ ၅း၆။ ယော၊၁း၁၂-၁၃။ ၂၁း၁၅-၁၇။ ကော၊၃း၄။

C. ကျွန်ုပ်တို့ သခင်ယေရှုကို ယုံကြည်လက်ခံသည့်အချိန်၌ ရရှိကြသော အသက်သည် ပုဂ္ဂိုလ်ဖြစ်ပြီး၊ ဤပုဂ္ဂိုလ်အား လက်တွေ့ ယူဆောင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ကိုယ်တော် ရှေးဦးမေတ္တာဖြင့် ချစ်ခြင်းအားဖြင့် ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်အဖြစ် သခင်ယေရှုသည် ပုဂ္ဂိုလ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယခုအခိုက်အတန့်နှင့် နေ့စဉ်နေ့တိုင်းမှာ ကိုယ်တော်၏မျက်မှောက် တည်ရှိနေခြင်းအား မွေ့လျော်ဝမ်းမြောက်ရန် ကိုယ်တော်နှင့်အတူ အသစ်သော ဆက်သွယ်မှုရှိန်ရန် လိုအပ်သည် - ယော၊၁၁း၂၅။ ၁၄း၅-၆။ ၁တိ၊၁း၁၄။ ၂ကော၊၅း၁၄-၁၆။ ဗျာ၊၂း၄-၇။ ကော၊၁း၁၈ခ။ ရော၊ ၆း၄။ ၇း၆။

D. "သခင်ဘုရားကို ချစ်ရန် သင့်ကိုယ်ကို ပေးအပ်ပါ။ သာလွန်အောင်မြင်သည့် အခြားနည်းလမ်းမရှိပါ၊ အလွန် လုံခြုံသော၊ အလွန်ကြွယ်ဝသော၊ မွေ့လျော်ဝမ်းမြောက်မှုနှင့် ပြည့်သော အခြားနည်းလမ်း မရှိပါ။ ကိုယ်တော်ကိုသာ ချစ်ပါ။ အခြား မည်သည့်အရာအတွက်မျှ ဂရုမစိုက်ပါနှင့်"—*Life and Building as Portrayed in the Song of Songs,* pp. 23-24.

E. ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်သောအခါ၊ ကိုယ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့ထံ ပေါ်ထွန်းလာမည်ဖြစ်ကာ၊ ကိုယ်တော်နှင့် ခမည်းတော်သည် ကျွန်ုပ်တို့ထံ လာ၍၊ ကျွန်ုပ်တို့နှင့်အတူ ကိန်းဝပ်တည်နေမည်ဖြစ်သည် (ယော၊၁၄း၂၁၊ ၂၃)။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် "သခင်၊ ကိုယ်တော်၏မေတ္တာတော်ကို ပြသပါ၊ ကိုယ်တော်၏မေတ္တာဖြင့် အနိုင်အထက် သွေးဆောင်ပါ၊ သို့မှ ကျွန်ုပ်သည် ကိုယ်တော်ကို ချစ်၍ ကိုယ်တော်ထံ အသက်ရှင်နိုင်ပါမည်"။ "သခင်၊ ကိုယ်တော်ကို တစ်ချိန်လုံး ချစ်ရန် စောင့်ထိန်းပါ" စသည့် ဆုတောင်းချက်များဖြင့် ဆုတောင်းရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံ "သခင်ယေရှု၊ ကိုယ်တော်ကို ချစ်ပါ၏။ သခင်၊ မေတ္တာတော်၌ ကျွန်ုပ်ကို စောင့်ထိန်းတော်မူပါ။ ကိုယ်တော်ကိုယ်တိုင်ဖြင့် ကျွန်ုပ်ကို ဆွဲဆောင်တော်မူပါ။ ကိုယ်တော်၏ ချစ်ဖွယ်သော၊ မျက်မှောက် တည်ရှိနေခြင်း၌ တစ်ချိန်လုံး စောင့်ထိန်းတော်မူပါ"ဟု စဉ်ဆက်မပြတ် ပြောရမည်ဖြစ်သည်။

F. ကိုယ်တော်ကို ချစ်လေလေ၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ ကိုယ်တော်၏မျက်မှောက်တော်၌ ပို၍ရှိလေလေ ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ပင်ကိုမူလနည်းလမ်း၌ရှိရန်မှာ သခင်ယေရှုကို ချစ်ရန်ပင် ဖြစ်သည်။ ကိုယ်တော်ကို မချစ်လျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပြန်လည်ရယူခြင်းနှင့် အဆုံးသတ်သွားပြီဖြစ်သည် - သီ၊၁း၁-၄။ ၁ကော၊၂း၉။ ၁၆း၂၂။

G. ဤအရာအပေါ် အခြေခံ၍ ကျွန်ုပ်တို့သည် "သခင်ကိုချစ်၊ ကျွန်ုပ်မေတ္တာမဟုတ် / ပေးစရာမရှိပြီ / သခင်ကိုချစ်၊ ကိုယ်တော့်မေတ္တာဖြင့်ချစ် / မေတ္တာတော်ဖြင့် သက်ရှင်" (ဓမ္မသီချင်း ၃၁၈ အပိုဒ် ၁)။ " စိတ်နှလုံး၏ တောင့်တရာသည် / ယေရှုသာလျှင် နားခိုခြင်း / သခင်ထံ စိတ်နှလုံးပေးအပ် / ကိုယ်တော်ကိုသာ ချစ်ဆုံးဖြစ်" (ဓမ္မသီချင်း ၃၁၉ အပိုဒ် ၁) ဟူ၍ သီဆိုကာ ဆုတောင်းရမည်ဖြစ်သည်။

*© 2022 Living Stream Ministry*